## ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံ ပေးပို့သောစာ

မစ္စတာ အန်တိုနီယိုဂူတာရတ်စ်
ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်
ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရုံး
၄၂ လမ်း၊ နယူးယောခ်၊ NY 10017

၂၀၂၂ ခုနှစ် စက်တင်ဘာလ ၂၃ ရက်

**အကြောင်းအရာ ။ ။ ကုလသမဂ္ဂ အေဂျင်စီများ၊ ရန်ပုံငွေအဖွဲ့များ၊ အစီအစဉ်များနှင့် အခြားအဖွဲ့အစည်းများ မြန်မာစစ်အုပ်စုနှင့် ထိတွေ့ဆက်ဆံနေသည့် ကိစ္စ။**

*ကုလသမဂ္ဂအဖွဲ့အစည်းများသည် မြန်မာစစ်အုပ်စုကို တရားဝင်မှုရရှိစေရေး လုပ်ဆောင်နေမှုများကို ရပ်တန့်ရမည်ဖြစ်ပြီး ယင်းအစား ရာထူးခန့်အပ်လွှာများ ပေးအပ်ခြင်း၊ သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်းတို့ကို မြန်မာနိုင်ငံ၏ တရားဝင်အစိုးရဖြစ်သော အမျိုးသားညီညွတ်ရေး အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့် လုပ်ဆောင်ရမည်။*

လေးစားအပ်ပါသော ဂုဏ်သရေရှိ လူကြီးမင်းခင်ဗျား/ရှင့်

အောက်တွင်လက်မှတ်ရေးထိုးထားသော မိမိတို့ အရပ်ဘက်လူထုအဖွဲ့အစည်း ၆၃၈ ဖွဲ့အနေဖြင့် ကုလသမဂ္ဂ အေဂျင်စီများ၊ ရန်ပုံငွေအဖွဲ့များ၊ အစီအစဉ်များနှင့် မြန်မာနိုင်ငံအတွင်း လုပ်ကိုင်နေကြသော အခြားအစုအဖွဲ့ အသီးသီးတို့မှ မကြာသေးမီက တရားဝင်မှုမရှိနေသည့် မြန်မာစစ်အုပ်စုနှင့် သဘောတူစာချုပ်အသစ်များ ထပ်မံချုပ်ဆိုခြင်း နှင့် ခန့်အပ်လွှာများပေးအပ်ခြင်းတို့ လုပ်ဆောင်ခဲ့သည့်အပေါ် အပြင်းထန်ဆုံး ရှုတ်ချလိုက်သည်။ မြန်မာနိုင်ငံရှိ အကျပ်အတည်းကို ဖြေရှင်းရန်အတွက် အခြေခံမှုများအပေါ် ရပ်တည်သော ညှိနှိုင်းပူးပေါင်းဆောင်ရွက်သည့် ကုလသမဂ္ဂ၏ တုံ့ပြန်ဆောင်ရွက်မှုကို လူကြီးမင်းကိုယ်တိုင် ကြားဝင်ဆောင်ရွက်ပေးပါရန် မိမိတို့မှ တိုက်တွန်းသည်။ ထို့အပြင် လူကြီးမင်းနှင့် အခြားကုလသမဂ္ဂ အဖွဲ့အစည်းများအနေဖြင့် တရားမဝင် လူသတ်စစ်အုပ်စုအား တရားဝင်မှု ရရှိစေမည့် မည်သည့် ပူးပေါင်းဆောင်ရွက်မှုနှင့် ထိတွေ့ဆက်ဆံမှု ပုံစံအားလုံးကို ချက်ချင်းရပ်ဆိုင်းပြီး ယင်းအစား မြန်မာနိုင်ငံ၏ တရားဝင်အစိုးရဖြစ်သည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများထံသို့ ခန့်အပ်လွှာနှင့် သဘောတူစာချုပ် တင်ပြမှုများ လုပ်ဆောင်ရန် မိမိတို့က တိုက်တွန်းတောင်းဆိုသည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် အရပ်ဘက်လူထုအဖွဲ့အစည်း ၂၅၆ ဖွဲ့တို့မှ ကုလသမဂ္ဂအဖွဲ့အစည်းများကို စစ်အုပ်စုအား တရားဝင်မှု ရရှိစေမည့် မည်သည့်ထိတွေ့ဆက်ဆံမှုမဆို

မလုပ်ဆောင်ရန် [တိုက်တွန်းတောင်းဆိုခဲ့ပြီး] ဖြစ်သည်။ မြန်မာပြည်သူများနှင့် အရပ်ဘက်လူထုအဖွဲ့အစည်းများက တောက်လျှောက် တောင်းဆိုခဲ့သည့်တိုင် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA)၊ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) အားလုံးတို့သည် ၂၀၂၂ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလများအတွင်း စစ်အုပ်စုနှင့် သဘောတူစာချုပ်အသစ်များ လက်မှတ်ရေးထိုးခဲ့သကဲ့သို့ ရာထူးခန့်အပ်လွှာများကိုလည်း သွားရောက်အပ်နှင်းခဲ့သည်။ အဆိုပါ လူသိရှင်ကြား အခမ်းအနားများနှင့် ဓါတ်ပုံများကို စစ်အုပ်စုက ၎င်း၏တရားဝင်မှုရရှိရေး ဆက်လက်ကြိုးပမ်းမှုတွင် ဝါဒဖြန့်ချိရေးလက်နက်အဖြစ် အသုံးချခဲ့သည်။ မြန်မာပြည်သူများသည် စစ်အုပ်စု၏ အာဏာသိမ်းရန် ကြိုးပမ်းမှုကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ကတည်းကပင် မပျက်မကွက် ငြင်းဆန်တော်လှန်လာခဲ့ကြသည်။

တစ်နှစ်ခွဲနီးပါးကာလအတွင်းတွင် မြန်မာပြည်သူများသည် နိုင်ငံရေးအာဏာဖီဆန်မှုအတွင်း ပါဝင်၍ ဒီမိုကရေစီနှင့် ၎င်းတို့၏ ရပိုင်ခွင့်များကို ခုခံကာကွယ်ရန် အသက်သွေးချွေးနှင့် ဘဝရပ်တည်မှုများကို စတေးခဲ့ကြသကဲ့သို့ မတတ်သာသည့်အဆုံးတွင် လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကို နောက်ဆုံးအဆင့် ရွေးချယ်ခဲ့ကြရသည်။ မြန်မာပြည်သူတို့၏ ရည်ရွယ်ချက်မှာ ၎င်းတို့အပေါ် ကြီးမားသော အတိဒုက္ခများဖန်တီးကာ နိုင်ငံထိန်းချုပ်နိုင်ရေး ကြိုးပမ်းနေသည့် စစ်အုပ်စုကို လုံးဝအုပ်ချုပ်ခွင့် မရစေရန် ကာကွယ်တားဆီးခြင်းပင် ဖြစ်သည်။

မကြာသေးခင်က ကုလသမဂ္ဂအဖွဲ့အစည်းများ လုပ်ဆောင်ခဲ့သော လုပ်ရပ်များသည် စစ်အုပ်စုနှင့် အတူရပ်တည်လိုက်ခြင်းဖြစ်သည့်အပြင် မြန်မာပြည်သူများအပေါ် စစ်အုပ်စု၏ နိုင်လိုမင်းထက်ပြုမှုများ အဆုံးသတ်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီစနစ် တည်ထောင်ရေးအတွက် ယနေ့ထိတိုင် တစ်စုတစ်စည်းတည်း ခုခံတော်လှန်နေကြသည့် ပြည်သူတို့၏ ကြိုးစားအားထုတ်မှုနှင့် အနစ်နာခံစတေးမှုများကို မေးမှိန်ထိခိုက်စေသည်။ ထိုလုပ်ရပ်များသည် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ မဖြစ်မနေလိုက်နာရမည့်အပြင် ၎င်းတို့ကိုယ်တိုင်အား တာဝန်ယူ တာဝန်ခံမှု ရှိစေရန် ကုလသမဂ္ဂ၏ ပူးတွဲစီမံဆောင်ရွက်မှုဆိုင်ရာ စံသတ်မှတ်များနှင့် ထိတွေ့လုပ်ဆောင်မှုဆိုင်ရာ မူဘောင်တို့တွင် ပြဋ္ဌာန်းပါရှိသည့် ဘက်မလိုက်ရေး၊ ကြားနေရေး၊ အမှီအခိုကင်းရေးနှင့် "မည်သူမျှ ထိခိုက်နစ်နာမှု မရှိစေရေး" ဟူသော ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူများကို ချိုးဖောက်ခြင်းပင် ဖြစ်သည်။

ထို့အပြင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် စစ်အုပ်စုကို နိုင်ငံကိုယ်စားပြုခွင့် ငြင်းပယ်ထားပြီး မြန်မာပြည်သူတို့၏ တရားဝင်အစိုးရ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို ကိုယ်စားပြုသော တာဝန်ထမ်းဆောင်နေသူ သံအမတ်ကြီး ဦးကျော်မိုးထွန်းကို ကုလသမဂ္ဂ အထွေထွေညီလာခံ၌ ၎င်း၏ ရာထူးနေရာတွင် ဆက်လက်ထားရှိရန် တိုက်တွန်းထားသော ကုလသမဂ္ဂ အထောက်အထားစိစစ်ရေး ကော်မတီ၏ အကြံပြုတင်ပြချက်ကို ကုလသမဂ္ဂ အထွေထွေညီလာခံက အတည်ပြုသည့်ဆုံးဖြတ်ချက်

တစ်ရပ် ချမှတ်ခဲ့သည်။ သို့ဖြင့် မြန်မာနိုင်ငံအတွင်းရှိ ကုလသမဂ္ဂအေဂျင်စီများ၊ ရန်ပုံငွေအဖွဲ့များနှင့် အစီအစဉ်များသည် အဆိုပါ ဆုံးဖြတ်ချက်ကို လမ်းညွှန်အဖြစ် ထားရှိသင့်ပြီး စစ်အုပ်စုနှင့် ထိတွေ့ဆက်ဆံခြင်း မပြုဘဲ NUG နှင့်သာ ထိတွေ့ဆက်ဆံသင့်သည်။

မြန်မာစစ်အုပ်စုသည် မြန်မာနိုင်ငံအတွင်း နိုင်ငံရေးတရားဝင်မှု မရှိရုံသာမက နယ်မြေအုပ်စိုးမှုလည်း မရှိပေ။ ဤအချက်ကို မြန်မာနိုင်ငံအရေး ကျွမ်းကျင်သူများနှင့် ကုလသမဂ္ဂမှ လုပ်ပိုင်ခွင့်အပ်နှင်းထားသော မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ ကိုယ်စားလှယ်ဟောင်းများဖြင့် ဖွဲ့စည်းထားသည့် လွတ်လပ်အမှီအခိုကင်းသော မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ (SAC-M) ၏ မကြာသေးမီက ထွက်ရှိသော သုံးသပ်ချက်စာတမ်းအရ NUG နှင့် ခုခံတော်လှန်ရေးအဖွဲ့အစည်းများသည် မြန်မာနိုင်ငံ၏ နယ်မြေ ၅၂ ရာခိုင်နှုန်းကျော်ကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်ချိန်တွင် စစ်အုပ်စုသည် ၂၃ ရာခိုင်နှုန်းသောနယ်မြေကို ထိန်းချုပ်နိုင်ရန် ရုန်းကန်နေရသည့်သဖြင့် အမှန်စင်စစ်မှာ စစ်အုပ်စုက သေချာထိန်းချုပ်ထားနိုင်သည့် နယ်မြေပမာဏသည် မြန်မာနိုင်ငံနယ်မြေအားလုံး၏ ၁၇ ရာခိုင်နှုန်းကျော်သာ ရှိနေသည်။

ထို့အပြင် စစ်အုပ်စုသည် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို လက်နက်သဖွယ် အသုံးချနေပြီး ပြည်သူများအတွက် အကူအညီများကို စိတ်ပါတက်ကြွစွာ ဖျက်ဆီး၊ ကန့်သတ်နေသည့်အပေါ် စိုးရိမ်ပူပန်ကြောင်းကို ကုလသမဂ္ဂ၏ လုပ်ပိုင်ခွင့်အာဏာ ပေးအပ်ခံရသူများက အကြိမ်ကြိမ် ထုတ်ဖော်ပြောကြားထားပြီး ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းဖြစ်စေရန် ဖန်တီးခဲ့သည့် လက်သည်တရားခံစစ်စစ်နှင့် သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်းသည် အမှန်တကယ် လိုအပ်နေသော ပြည်သူများထံ ရောက်ရှိရေးနှင့် ပတ်သက်သော ကုလသမဂ္ဂ၏ ထိရောက်မှုကို အဆိုပါ အမှန်တရားများက မေးခွန်းထုတ်နေသည်။ ထို့အပြင် ဤအချက်က NUG၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့် သဘောတူစာချုပ်များ လက်မှတ်ရေးထိုးရန် အရေးကြီးပုံ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ပေးပို့ဖြန့်ဝေရာတွင် မြန်မာနိုင်ငံ နယ်စပ်ဒေသတစ်လျှောက်ရှိ လုပ်ဆောင်နေသူများ အပါအဝင် ဒေသခံ လူသားချင်းစာနာထောက်ထားမှု အရေး လုပ်ဆောင်နေသူများနှင့် တိုက်ရိုက်ပူးပေါင်းလုပ်ဆောင်ရန် အရေးတကြီးလိုအပ်နေမှုကိုလည်း ထုတ်ဖော်ပြသ နေသည်။

အာဏာသိမ်းရန် ကြိုးပမ်းသည့် ၅၉၈ ရက်အတွင်း မြန်မာစစ်အုပ်စုသည် ကလေးသူငယ် ၁၉၂ ဦး အပါအဝင် အနည်းဆုံးပြည်သူပေါင်း ၂,၃၁၁ ဦးကို သွေးအေးအေးဖြင့် သတ်ဖြတ်ခဲ့ပြီး ဖြစ်သည်။ မတရား ဖမ်းဆီးခံခဲ့ရသူ ပေါင်း ၁၅,၇၀၀ ကျော်ရှိခဲ့ပြီး အနည်းဆုံး ၁၂,၄၆၂ ဦးတို့မှာ ဆက်လက်ထိန်းသိမ်းခံထားရဆဲ ဖြစ်ကာ အများအပြားသည် ညှဉ်းပန်းနှိပ်စက်မှုများကို ပုံမှန်လိုလို ရင်ဆိုင်နေကြရသည်။ အမှန်တကယ် သေဆုံးသူနှင့် ဖမ်းဆီးခံထားရသူ အရေအတွက်သည် တကယ့်မြေပြင်တွင် ထို့ထက်ပို၍များနိုင်ဖွယ် ရှိသည်။ မြန်မာစစ်အုပ်စုသည် အိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ရွာများကို မီးရှို့ခြင်း၊ ပစ္စည်းဥစ္စာများကို

ခိုးယူလုယက်ခြင်း၊ လူအစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊ မုဒိမ်းမှုနှင့် အုပ်စုဖွဲ့မုဒိမ်းကျင့်မှုကို ကျူးလွန်ခြင်း၊ တွေ့ရာနေရာ၌ ပစ်ခတ်ခြင်း၊ နှင့် မြို့များရွာများကို လက်နက်ကြီး၊ လေကြောင်းတိုက်ခိုက်မှုတို့ဖြင့် အရမ်းကာရော ပစ်ခတ်ခြင်းများမှတစ်ဆင့် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သော ရာဇဝတ်မှုများ အပါအဝင် ကြီးလေးသော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို ဆက်လက်ကျူးလွန်လျက်ရှိနေပေသည်။ အတိတ်တွင် ရိုဟင်ဂျာနှင့် အခြား တိုင်းရင်းသားလူနည်းစုများ အပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကိုသာမက လွန်ခဲ့သော ၁၉ လတာ ကာလအတွင်း စစ်အုပ်စုက ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM) အပါအဝင် ကုလသမဂ္ဂက မှတ်တမ်းတင်ကောက်ယူထားပြီး ဖြစ်သည်။

ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံရှိ အကျပ်အတည်းကို ဖြေရှင်းရာတွင် ရှေ့နောက်မညီညွတ်သော၊ ထိရောက်မှုအားနည်းသော ချဉ်းကပ်မှုကို လုပ်ဆောင်သည်သာမက မြန်မာစစ်အုပ်စုနှင့် နားလည်မှု စာချွန်လွှာများ၊ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးမှုများက မြန်မာပြည်သူများအပေါ် အကြမ်းဖက်ပြီး ကြီးလေးသည့် နိုင်ငံတကာရာဇဝတ်မှုများအတွက် တာဝန်ရှိနေသော အဖွဲ့အစည်းတစ်ရပ်ကို ကုလသမဂ္ဂက အသိအမှတ်ပြုသည် ဆိုသည့်သတင်းစကားအမှားကို စစ်အုပ်စုနှင့် ကမ္ဘာကြီးတစ်ခုလုံးကိုပါ ပေးပို့နေခြင်းပင် ဖြစ်သည်။ ယင်းအချက်က စစ်အုပ်စုကို ပြစ်ဒဏ်ကင်းလွတ်စွာဖြင့် နောက်ထပ်သော ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများကို ထပ်မံကျူးလွန်စေရန် အားပေးအားမြှောက်နေရုံသာမက ကုလသမဂ္ဂသည် တကယ့်လက်တွေ့တွင် အထွေထွေညီလာခံ၊ လူ့အခွင့်အရေးကောင်စီနှင့် လုံခြုံရေးကောင်စီ ဥက္ကဋ္ဌမှ ထုတ်ပြန်ခဲ့သည့် [ထုတ်ပြန်ကြေညာချက်]တစ်စောင် အပါအဝင် ၎င်း၏ ဆုံးဖြတ်ချက်များနှင့် ထုတ်ပြန်ကြေညာချက်များတွင် ပြဋ္ဌာန်းထားသည့်အတိုင်း မြန်မာပြည်သူများ၏ ဆန္ဒကို အမှန်တကယ် လေးစားခြင်း မရှိကြောင်းကိုလည်း ဖော်ပြနေသည်။ ၂၀၁၇ ခုနှစ် ရိုဟင်ဂျာလူမျိုးတုံးသတ်ဖြတ်မှုကို ကိုင်တွယ်ဖြေရှင်းရာတွင် တစ်စုတစ်စည်းသော ချဉ်းကပ်မှုတစ်ခု ဖော်ဆောင်ပေးရန် ပျက်ကွက်ခဲ့သည့် ကုလသမဂ္ဂ၏ "စနစ်ပိုင်းဆိုင်ရာနှင့် အဆောက်အအုံပိုင်းဆိုင်ရာ အလုပ်မဖြစ်ခဲ့မှုများ" ကို ၂၀၁၉ ခုနှစ် Rosenthal အစီရင်ခံစာတွင် [မီးမောင်းထိုး ဖော်ပြခဲ့ပြီးသည့်]နောက်တွင်ပင် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ၏ ချဉ်းကပ်မှုများတွင် ထိုပြဿနာများ ဆက်လက်တည်ရှိနေသည်မှာ အထင်အရှားပင် ဖြစ်သည်။

မြန်မာပြည်သူများသည် ၎င်းတို့၏ တရားဝင်အစိုးရဖြစ်သော NUG နှင့် ၎င်းတို့၏ သံအမတ်ကြီး ဦးကျော်မိုးထွန်းတို့ကို ကုလသမဂ္ဂတွင် ကိုယ်စားပြုစေလိုကြောင်း ကျယ်ကျယ်လောင်လောင်၊ ရှင်းရှင်း လင်းလင်း ထုတ်ဖော်ပြီးသား ဖြစ်သည်။ မြန်မာပြည်သူများ၏ ၎င်းတို့အစိုးရ ရွေးချယ်လိုမှုနှင့် ကုလသမဂ္ဂတွင် ၎င်းတို့ကိုယ်စားလှယ်အား ရွေးချယ်လိုသည့်ဆန္ဒအပြင် မြန်မာနိုင်ငံအတွင်း ဖက်ဒရယ် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် ၎င်းတို့၏ ရုန်းကန်ကြိုးစားနေမှုများကို ကုလသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံများက အပြည့်အဝ အသိအမှတ်ပြု လေးစားရမည် ဖြစ်သည်။

သို့ဖြင့် မိမိတို့ မြန်မာပြည်သူများနှင့် အရပ်ဘက်လူထုအဖွဲ့အစည်းများ၊ ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်းလုံးရှိ အဖွဲ့အစည်းများက ကုလသမဂ္ဂအေဂျင်စီများ၊ ရန်ပုံငွေအဖွဲ့များ၊ အစီအစဉ်များနှင့် အခြားသောအဖွဲ့အစည်းအားလုံးတို့အနေဖြင့် တရားမဝင် လူသတ်စစ်အုပ်စုကို တရားဝင်မှုပေးနေခြင်း အထူးသဖြင့် သဘောတူစာချုပ်အသစ်များ ချုပ်ဆိုခြင်းနှင့် စစ်အုပ်စုထံ အသိအမှတ်ပြုမှုများ တင်ပြနေခြင်းတို့ကို ချက်ချင်းရပ်တန့်ရန်အပြင် မြန်မာနိုင်ငံ၏ အကျပ်အတည်းကို ဖြေရှင်းရန်အတွက် ညှိနှိုင်းပူးပေါင်းထားသော တုံ့ပြန်လုပ်ဆောင်ချက်တစ်ရပ်ကို ဂုဏ်သရေရှိလူကြီးမင်းမှ ဦးစီးလုပ်ဆောင်ပေးပါရန် လေးနက်စွာ တိုက်တွန်းအပ်ပါသည်။ ကုလသမဂ္ဂ၏ အေဂျင်စီများ၊ ရန်ပုံငွေအဖွဲ့များ၊ အစီအစဉ်များနှင့် အခြားအဖွဲ့အစည်းများကိုလည်း မြန်မာနိုင်ငံ၏ တရားဝင်အစိုးရဖြစ်သည့် NUG၊ ERO များ၊ အရပ်ဘက်လူထုအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ရန် မိမိတို့မှ တိုက်တွန်းတောင်းဆိုသည်။

### ***ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်***


- ဒေါ်ခင်ဥမ္မာ၊ ရှေ့ပြေးအသံအဖွဲ့၊ info@progressive-voice.org
- နော်ဝါးခူးရှီး၊ ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက်၊ wahku80@gmail.com
- Gus Miclat၊ Initiatives for International Dialogue and Asia Pacific Solidarity Coalition၊ gus.miclat@iidnet.org
- Chris Gunness၊ Myanmar Accountability Project၊ cgunness@outlook.com


ဤအိတ်ဖွင့်ပေးစာကို အမည်မဖော်ပြလိုသော အဖွဲ့အစည်း ၂၃၉ ဖွဲ့အပါအဝင် အဖွဲ့အစည်း စုစုပေါင်း **၆၃၈** ဖွဲ့မှ လက်မှတ်ရေးထိုးထားပါသည်။

1. 8888 Generation (New Zealand)
2. Action Against Myanmar Military Coup (Sydney)
3. Action Committee for Democracy Development
4. Active Youths (Kalay)
5. Advocacy Forum Nepal
6. Ah Nah Podcast - Conversation with Myanmar
7. Ah. La. Ka (12) Hta Khwe. Primary Education Student Union
8. All Arakan Civil Society Organization Network (AACSON)
9. All Arakan Civil Society Partnership (AACSP)
10. All Burma Democratic Face in New Zealand
11. All Burma Indigenous People Alliance
12. All Religions Strike Column
13. ALTSEAN-Burma
14. Ananda Data
15. Anti Dictatorship in Burma - DC Metropolitan Area
16. Arakan Civil Engagement Network (ACEN)

17. Arakan CSO Network
18. Arakan Humanitarian Coordination Team - AHCT
19. Arakan National Democratic Party
20. Arizona Kachin Community
21. ASEAN Parliamentarians for Human Rights
22. Asia Democracy Network
23. Asia Justice and Rights - AJAR
24. Asia Pacific Solidarity Coalition
25. Asian Forum for Human Rights and Development (FORUM-ASIA)
26. Assistance Association for Political Prisoners
27. Association of Human Rights Defenders and Promoters
28. Association of United in Nationalities in Japan
29. Association Suisse-Birmanie
30. Athan - Freedom of Expression Activist Organization
31. Auckland Kachin Community NZ
32. Auckland Zomi Community
33. Aung Myay Thar Zan Education Schools Strike Column
34. Aung Pin Lae Main Strike Column
35. Aung San Suu Kyi Park Norway
36. Australia Karen Organisation
37. Ayeyarwady Youth Network
38. Bank Trade Unions Federation of Myanmar – BTUFM
39. Beyond Borders Malaysia
40. Blooming Padauk
41. Buddhist Solidarity Association
42. Burma Action Ireland
43. Burma Human Right Network
44. Burma Medical Association
45. Burma Task Force
46. Burman suomalaiset Finland
47. Burmese Canadian Network
48. Burmese Community Group (Manawatu, NZ)
49. Burmese Rohingya Welfare Organisation New Zealand
50. Burmese Women's Union
51. Calgary Karen Community Association (CKCA)
52. California Kachin Community
53. Cambodian Americans and Friends for Democracy and Human Rights Advocates
54. Campaign for a New Myanmar
55. CDM Support Team Mandalay (CSTM)
56. Central European Institute of Asian Studies
57. Chan Mya Thar Si Township People Strike Column
58. Chin Community in Norway
59. Chin Community of Auckland
60. Chin Community Of Japan
61. Chin Leaders of Tomorrow
62. Chin Resources Center
63. Chinland Natural Resources Watch Group
64. CIVICUS: World Alliance for Citizen Participation
65. Civil Society Forum for Peace Network (Arakan)
66. Computer University (Mandalay) Student Union
67. Cooperative University Student Strike Column

68. CRPH & NUG Supporters Ireland
69. CRPH Funding Ireland
70. CRPH Support Group, Norway
71. CRPH, NUG Support Team Germany-Deutschland
72. Dallas Kachin Community
73. Daung Sit Thi
74. DEEKU-Karenni Community of Amarillo, TX
75. Democracy for Ethnic Minorities Organization
76. Democracy, Peace and Women's Organization
77. Democratic Party for a New Society, Norway
78. Dhanu Youth Organization
79. Edmonton Karen Community Youth Organization
80. Education Family (Anti - Fascists Education Strike Columns Coordination Committee)
81. Educational Initiatives Myanmar
82. Equality Myanmar
83. Ethnic Youth General Strike Committee
84. Federal FM Mandalay
85. Federal Myanmar Benevolence Group (NZ)
86. Federation of Worker 's Union of Burmese Citizens in Japan (FWUBC)
87. Florida Kachin Community
88. Foundation of Khmer Samaki, USA
89. Free Rohingya Coalition
90. Freedom for Burma
91. Future Light Center
92. Future Thanlwin
93. General Strike Committee of Nationalities (GSCN)
94. Generation Wave
95. Georgia Kachin Community
96. German Solidarity with Myanmar Democracy e.V.
97. Global Movement for Myanmar Democracy
98. Global Myanmar Spring Revolution
99. Grass-root People
100. Green Network (Myeik)
101. Hkunzup Development Committee
102. Houston Kachin Community
103. Human Rights Educators Network
104. Human Rights Foundation of Monland
105. In Defense of Human Rights and Dignity Movement (iDEFEND), Philippines
106. Info Birmanie
107. Initiatives for International Dialogue
108. Institute for Asian Democracy
109. International Association, Myanmar-Switzerland (IAMS)
110. International Campaign for the Rohingya
111. International Karen Organisation
112. International Society of Myanmar Scholars and Professionals
113. Iowa Kachin Community
114. Justice for All
115. Justice for Myanmar
116. Justice Movement for Community – Innlay
117. Kachin Affairs Organization Japan, KAO(Japan),

118. Kachin Alliance (US)
119. Kachin American Community (Portland – Vancouver)
120. Kachin Association Norway
121. Kachin Community of Indiana
122. Kachin Community of USA
123. Kachin Gender Star Group
124. Kachin State Women Network (KSWN)
125. Kachin Women's Association Thailand
126. Kamma Lover
127. Kansas Karenni community, KS
128. Karen American Association of Wisconsin, Milwaukee, WI
129. Karen Association of Huron, SD
130. Karen Community of Akron, OH
131. Karen Community of Canada (KCC)
132. Karen Community of Czech Republic
133. Karen Community of Finland
134. Karen Community of Hamilton
135. Karen Community of Iowa, IA
136. Karen Community of Ireland
137. Karen Community of Israel
138. Karen Community of Kansas City, KS & MO
139. Karen Community of Kitchener & Waterloo
140. Karen Community of Leamington K
141. Karen Community of Lethbridge
142. Karen Community of London
143. Karen Community of Louisville, KY
144. Karen Community of Minnesota, MN
145. Karen Community of Ottawa
146. Karen Community of Regina
147. Karen Community of Saskatoon
148. Karen Community of Thunderbay
149. Karen Community of Toronto
150. Karen Community of Windsor
151. Karen Community of Winnipeg
152. Karen Community Society of British Columbia (KCSBC)
153. Karen Environmental and Social Action Network
154. Karen Human Rights Group
155. Karen Organization of America
156. Karen Organization of Illinois, IL
157. Karen Peace Support Network
158. Karen Thai Group
159. Karen Women's Organization
160. Karen Youth Education Pathways
161. Karen Youth Networks
162. Karen Youth of Norway
163. Karen Youth of Toronto
164. Karen Youth Organization
165. Karenni Association - Norway
166. Karenni Civil Society Network
167. Karenni Community of Arizona, AZ
168. Karenni Community of Arkensas, AK

169. Karenni Community of Austin, TX
170. Karenni Community of Bowling Green, KY
171. Karenni Community of Buffalo, NY
172. Karenni Community of Chicago, IL
173. Karenni Community of Colorado, CO
174. Karenni Community of Dallas, TX
175. Karenni community of Des Moines, IA
176. Karenni Community of Florida, FL
177. Karenni Community of Fort Worth, TX
178. Karenni Community of Georgia, GA
179. Karenni Community of Houston, TX
180. Karenni Community of Idaho, ID
181. Karenni Community of Indianapolis, IN
182. Karenni Community of Massachusetts, MA
183. Karenni Community of Michigan, MI
184. Karenni community of Minnesota, MN
185. Karenni Community of Missouri, MO
186. Karenni Community of North Carolina, NC
187. Karenni Community of Portland, OR
188. Karenni Community of Rockford, IL
189. Karenni Community of San Antonio, TX
190. Karenni Community of Sioux Falls, SD
191. Karenni Community of Utah, UT
192. Karenni Community of Utica, NY
193. Karenni Community of Washington, WA
194. Karenni Community of Wisconsin, WI
195. Karenni National Society Japan, KNS-Japan,
196. Karenni National Women’s Organization
197. Karenni Society Finland
198. Karenni Society New Zealand
199. Karenni Society of Omaha, NE
200. Karenni-American Association
201. Kayan Women’s Organization
202. K'cho Ethnic Association
203. Keng Tung Youth
204. Kentucky Kachin Community
205. KontraS
206. Korea Karen Organization
207. Korea Karen Youth Organization
208. Kyae Lak Myay
209. Kyaukse University Students' Union
210. Kyauktada Strike Committee (KSC)
211. Land in Our Hands
212. League of Labour Union
213. Let’s Help Each Other
214. LGBT Union Mandalay (LGBTIQ Strike of Mandalay)
215. Los Angeles Myanmar Movement LA2M
216. Louisiana Kachin Community
217. Mae Tao Clinic
218. Maha Aung Myay Township People Collective Strike Column
219. Mandalar University Student Strike Column

220. Mandalar University Student Union (Mandalay Poets' Union)
221. Mandalay Alliance Strike Collective Column
222. Mandalay Based People Strike Column
223. Mandalay Civil Society Organizations
224. Mandalay Computer University Student Union
225. Mandalay Engineer Group
226. Mandalay Engineer United Force
227. Mandalay Private University Student Union (MPUSU)
228. Mandalay Technical University Student Union
229. Mandalay University Student Alumni Union
230. Mandalay Wholesale Strike Column
231. Mandalay Youth Association (MRYA)
232. Mandalay Youth Strike Column
233. Maryland Kachin Community
234. Matu Burma Foundation
235. Me Boun Foundation
236. Medical Family – Mandalay
237. Medical University (Mandalay) Student Union
238. Metta Campaign Mandalay
239. Michigan Kachin Community
240. Midwives Training School (Mandalay) Student Union)
241. MIIT Students Strike Column
242. Minnesota Kachin Community
243. Minority Affairs Institute (MAI Myanmar)
244. Muslim Youth Union
245. Mya Taung Strike Column
246. Myanmar Accountability Project
247. Myanmar Action Group Denmark
248. Myanmar Alliance for Transparency and Accountability
249. Myanmar Baptist Churches in Norway
250. Myanmar Catholic Community In Norway
251. Myanmar Community Austria (MCA)
252. Myanmar Community Group Christchurch New Zealand
253. Myanmar Community Group Dunedin New Zealand
254. Myanmar Community in Norway
255. Myanmar Cultural Research Society (MCRS)
256. Myanmar Democratic Force in Denmark
257. Myanmar Diaspora Group Finland
258. Myanmar Emergency Fund-Canada
259. Myanmar Engineers - New Zealand
260. Myanmar Gonye (New Zealand)
261. Myanmar Hindu Community - Norway
262. Myanmar Institute of Information Technology Students Union
263. Myanmar Muslim Organization - Norway
264. Myanmar People Alliance (Shan State)
265. Myanmar People in Ireland
266. Myanmar Railway, Region (3) CDM Strike Column
267. Myanmar Students' Union in New Zealand
268. Myaung Education Network
269. Myaung Medical Team
270. National Culture and Arts University (Mandalay) Student Union

271. Nelson Myanmar Community Group New Zealand
272. Netherlands Myanmar Solidarity Platform
273. Network for Advocacy Action
274. Network for Human Rights Documentation - Burma (ND-Burma)
275. New York Kachin Community
276. New Zealand Doctors for NUG
277. New Zealand Karen Association
278. New Zealand Zo Community Inc.
279. No 7 State High School Alumni Strike Column
280. No Business With Genocide
281. North Carolina Kachin Community
282. North South Initiative
283. Norway Falam Community
284. Norway Matu Community
285. Norway Rvwang Community
286. NRFF - New Rehmonnya Federated Force
287. Nursing Training School (Mandalay) Student Union
288. Nursing University (Mandalay) Student Union
289. Nyan Lynn Thit Analytica
290. Olive Organization
291. Omaha Kachin Community
292. Oversea Karen Organization Japan
293. Overseas Mon Association. New Zealand
294. Palaung National Society Japan, PNS-Japan
295. Pan Pa Wash People Strike Column
296. Pa-O Women’s Union
297. Pa-O Youth Organization
298. Pa-oh Youths Japan, PYJ-Japan
299. Paramedical Technical University (Mandalay) Student Union
300. Pennsylvania Kachin Community
301. People's Empowerment Foundation
302. Pharmacy University (Mandalay) Student Union
303. Phayagye Peace Strike Column
304. Private Pre-school Teachers Association
305. Probono Lawyer Network
306. Progressive Voice
307. Punnyakari Mon National Society Japan, PMNS-Japan
308. Pyi Gyi Ta Gon Strike
309. Pyithu Gonye (New Zealand)
310. Rohingya Action Ireland
311. Rohingya American Society (RAS), Milwaukee, WI, USA
312. Rohingya Community in Norway
313. Rohingya Cultural Center of Chicago, IL, USA
314. Rohingya Society of Greater Nashua, NH, USA
315. Rvwang Community Association New Zealand
316. Safe of Dawei
317. SaNaR (Save the Natural Resource)
318. Sangha Samaga Strike Column
319. Save and Care Organization for Ethnic Women at Border Areas
320. Save Myanmar - USA
321. Save Myanmar Fundraising Group (New Zealand)

322. Save Myanmar San Francisco
323. Save the Salween Network (SSN)
324. SEA Junction
325. Second Tap Root
326. Sein Pan Strike Column
327. Shan Community (New Zealand)
328. Shan Community in Japan (SCJ)
329. Shan MATA
330. Shan State Nationalities for Democracy Japan, SSND-Japan,
331. Sisters 2 Sisters
332. Sitt Nyein Pann Foundation
333. Social Program Aid for Civic Education (SPACE)
334. South Carolina Kachin Community
335. Southern Dragon (Myanmar)
336. Southern Youth Development Organization
337. Spring Revolution Myanmar Muslim Network (SRMMN)
338. Spring Traveller
339. Strike Column of Representatives of Arbitrarily Arrested People
340. Strike Column of Teachers from Universities and Degree Colleges of Mandalay
341. Student Union of Mandalay University of Foreign Language
342. Students for Free Burma
343. Support Group for Democracy in Myanmar (The Netherlands)
344. Support the Democracy Movement in Burma
345. Supporting 4 Myanmar Australia
346. Swedish Myanmar Supporting Community (Sweden)
347. Synergy - Social Harmony Organization
348. Ta'ang Women's Organization
349. Taekwondo Sport Association
350. Tanintharyi MATA
351. Tanintharyi Nationalities Congress
352. Tanitharyi People's Voice
353. Tanitharyi Women's Network
354. Technical University (Mandalay) Student Union
355. Technical University (Yadanapone Cyber City) Student Union
356. Tenasserim Student Unions' Network - TSUN
357. Tennessee Kachin Community
358. Thai Action Committee for Democracy in Burma
359. Thapaynyo News Letter
360. The Free Burma Campaign (South Africa)
361. The Ladies
362. The Regional Center for Social Science and Sustainable Development, Chiang Mai University
363. The Swedish Foundation for Human Rights
364. Traditional Medicine (Mandalay) Student Union
365. U.S Campaign for Burma
366. Unitarian Universalist Service Committee
367. University of Dentistry (Mandalay) Student Union
368. US Advocacy Coalition for Myanmar (USACM)
    a. Campaign for a New Myanmar
    b. Students for Free Burma (SFB)
    c. Freedom for Burma

d. International Campaign for The Rohingya
e. Helping Hands for Burma (H2B)
f. Global Movement for Myanmar Democracy (GM4MD)
g. Chin Leaders of Today &Tomorrow

369. Utica Karen Community, NY
370. Virginia Kachin Community
371. Washington Kachin Community
372. West Virginia Kachin Community
373. Women Activists Myanmar
374. Women Advocacy Coalition - Myanmar
375. Women's League of Burma
376. World Kachin Congress (WKC)
377. World Rohingya Organization, Jackson Height, NY, USA
378. Yadanapone University Student Union (Ya. Ta. Ka. Tha)
379. Youth for Democratization of Myanmar (UDM)
380. Youth Poet Union
381. Youths for Community-Myaung
382. Zomi Christian Fellowship of Norway
383. Zomi Community Norway
384. ခုနှစ်စင်ကြယ်အဖွဲ့
385. စစ်ဘေးရှောင်စခန်းများ စီမံခန့်ခွဲရေးကော်မတီ ပုလောမြို့နယ်
386. ဆီသို့ - စာစဉ်
387. တက်ကြွလူငယ် (ထားဝယ်)
388. တူမီး - တော်လှန်ရေးစာစဉ်
389. ထားဝယ်ပညာရေးဘုတ်အဖွဲ့
390. ဒေါနတနင်္သာရီ - စစ်ဘေးရှောင်များ အထောက်အကူပြုရေးအဖွဲ့
391. နိုင်ငံရေးအကျဉ်းသားများကွန်ရက် (ထားဝယ်)
392. ပြည်သူမှပြည်သူသို့- ကမ္ဘ အဖွဲ့
393. ပွင့်ဖြူလယ်ယာမြေကွန်ရက်
394. ဗေဒါ လူမှုဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့
395. မျိုးဆက်-Generations
396. မြစ်ကွေ့-လူထုတော်လှန်ရေးစာစဉ်
397. ရင်ခွင်သစ်
398. သင့်မြတ်ခြင်းနှင့်ငြိမ်းချမ်းသောလမ်းစဉ် အဖွဲ့
399. သူပုန်ဂေဇက် - The Rebel Gazette

***နောက်ထပ်သော ၂၃၉ ဖွဲ့သည် အမည်မဖော်ဘဲ ပါဝင်ထားပါသည်။***